## စာရေးသူ ၏ အမှာစာ

နိုင်ငံတစ်ခု ကြီးပွားအောင် ဘယ်လို လုပ်ဆောင်ကြမလဲ။

ဤမေးခွန်းကို ကမ္ဘာ့သမိုင်းတစ်လျှောက် နိုင်ငံများ စတင် ပေါ်ပေါက်လာကတည်းက မေးခွန်းထုတ်ခဲ့ကြပေါင်း တိုင်ပင်ဆွေးနွေးကြပေါင်းများပြီ။ ကြီးပွားတိုးတက်သွားသော နိုင်ငံများရှိခဲ့သလို မအောင်မြင်သည့် နိုင်ငံများလည်း ရှိခဲ့သည်။ ကြီးပွားတိုးတက်ပြီးမှ မထိန်းနိုင်သောကြောင့် ပြန်လည်ကျဆင်းသွားသည့် နိုင်ငံများလည်း ရှိသည်။ သေချာသည်မှာ နိုင်ငံ ကြီးပွားတိုးတက်လိုလျှင် ထိုမေးခွန်းကို မမေးဘဲ မရနိုင်၊ ထိုမေးခွန်းကို မေးမိမှသာ မေးခွန်း၏ အဖြေကို ရှာကြမည်။ ဆွေးနွေးကြမည်၊ ငြင်းခုန်ကြမည်။ တွေ့သော အဖြေများကို လက်တွေ့ အသုံးချကြည့်ကြမည်။ အဆင်ပြေလျှင် ဆက်သုံးမည်။ အဆင်မသင့်လျှင် နောက်တစ်မျိုး စဉ်းစားမည်။ ဤနည်းဖြင့် ကြီးပွားတိုးတက်ရေးလမ်းကို နိုင်ငံအများ ချီတက်လျှောက်လှမ်းကြသည်။

ယခုစာအုပ်သည် ထိုမေးခွန်းအပေါ်တွင် အခြေတည်ကာ ထွက်ပေါ်လာသော ဆောင်းပါးများအား စုပေါင်းထားခြင်း ဖြစ်သည်။

အမှန်စင်စစ် နိုင်ငံကြီးပွားရေးဆိုသည်မှာ မူဝါဒချမှတ်သူများ၊ နိုင်ငံရေးသမားများနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ လူညီနေလေ့အောင်း မြင်းဖေင်းမကျန် နိုင်ငံတစ်ခု၏ နယ်နိမိတ်အတွင်း နေထိုင်သူများရော၊ နိုင်ငံပြင်ပတွင် နေထိုင်သူ နိုင်ငံသားများနှင့်ပါ တိုက်ရိုက်သက်ဆိုင်နေသည်။ ရေမြင့်လျှင် ကြာတင့်သလို နိုင်ငံကြီးပွားပါက နိုင်ငံတွင်း မှီတင်းနေထိုင်သူများပါ လိုက်ပါကြီးပွားလာမည် ဖြစ်သောကြောင့် နိုင်ငံကြီးပွားရေး အားလုံး ဝိုင်းဝန်းလုပ်ဆောင်ကြဖို့လိုသည်။ ထို့ကြောင့် ထိုမေးခွန်းသည် အားလုံးနှင့် ဆိုင်သည်။ အားလုံးမေးကြဖို့လိုသည်။ အားလုံး ဦးနှောက်စားဖို့လိုသည်။



ထို့ကြောင့် ယခု စာအုပ်ကိုဖတ်ရန် အကောင်းဆုံးနည်းလမ်းမှာ ထိုမေးခွန်း၏ အဖြေကို မိမိကိုယ်တိုင် ပါဝင်ရှာဖွေခြင်းဖြစ်သည်။ နိုင်ငံကြီးပွားအောင် မည်သို့လုပ်ကိုင်ရမည်ကို ဆွေးနွေးအဖြေရှာနေသော ဇာတ်ကောင်နှစ်ဦးဖြစ်သည့် ကိုမိုးချစ်နှင့် ဖွံ့ဖြိုးရေးပါရဂူနေရာတွင် ကိုယ်တိုင်ပါဝင်ကာ စဉ်းစားခြင်းဖြင့် စာအုပ်ကို အကောင်းဆုံး ဖတ်ရှုနိုင်မည် ဖြစ်သည်။

ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်တွင် နိုင်ငံတကာ ဖွံ့ဖြိုးရေး ဘာသာရပ် M.A (International Development Studies) ဖြင့် မဟာဘွဲ့ တစ်နှစ်သင်တန်းတက်အပြီး စာရေးသူ မြန်မာပြည် ပြန်ရောက်ကတည်းက ထိုပညာရပ်များကို အများပြည်သူထံ ရောက်အောင် ရေးသားရန် စိတ်ကူးရှိခဲ့သော်လည်း နှစ်နှစ်ခန့်ကြာမှ ယခုဆောင်းပါးများ စတင်ရေးသားဖြစ်ခဲ့သည်။ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် သင်တန်းများ ဖွင့်လှစ်နေသည့် Myanmar Egress ၌ စာရေးသူသင်ကြားသည့် ဘာသာရပ်များတွင် Development Theories and Practice ပါဝင်နေသောကြောင့် ဖြေသာပါသေးသည်။ ဆောင်းပါးများ၏ခေါင်းစဉ်ကို Wealth of a Nation ဟု အင်္ဂလိပ်လို အရင်စဉ်းစားမိခဲ့သည်။ စီးပွားရေးပညာရပ်၏ ဖခင်ကြီးဟု သတ်မှတ်ခံရသူ Adam Smith ၏ Wealth of Nations စာအုပ်ကို အားကျမိသောကြောင့် ဖြစ်မည်။ ထိုသို့ စဉ်းစားနေစဉ်တွင်ပင် ကမ္ဘာကျော်စာရေးဆရာ Leon Uris ၏ Exodus ကို မောင်မိုးသူ ဘာသာပြန်ထားသည့် 'နိုင်ငံတစ်ခု မွေးဖွားခြင်း' စာအုပ်၊ ကျွန်တော် ငယ်စဉ်ကတည်းက အလွန်ကြိုက်ခဲ့သည့် စာအုပ်နာမည်က ခေါင်းထဲရောက်လာသည်ကြောင့် 'နိုင်ငံတစ်ခု ကြီးပွားခြင်း' ဟု နာမည်တပ်လိုက်သည်။

The Voice တွင် စာရေးသူ အပတ်စဉ်ရေးသားခဲ့သည့် ဆောင်းပါးများကို ပြန်လည် စုစည်းသည့်အတွက် မည်သည့်အပတ်တွင် ဖြတ်ဖတ်ဖတ်လွယ်ကူအောင် ရေးသားထားသလို မူလကတည်းက တစိုက်မတ်မတ် ဖတ်လာသည့် ပရိသတ်အတွက်လည်း ရည်မှန်းကာ ရေးတစ်ခုဖြင့် ရေးသားထားသောကြောင့် ကြိုက်ရာဆောင်းပါးကို လှန်ဖတ်နိုင်သလို အစီအစဉ်အတိုင်း အစဉ်လိုက်ဖတ်လျှင်လည်း ရပါသည်။ စာရေးသူ အကြိုက်ဆိုရလျှင် အနည်းဆုံး ဆောင်းပါး ငါးပုဒ်ခန့်ကိုမူ အစဉ်လိုက် ဖတ်ကြည့်စေလိုပါသည်။ နောက်မှ မိမိစိတ်ကြိုက် ဆောင်းပါးကို မိမိကြိုက်ရာ အစီအစဉ်ဖြင့် ဖတ်လိုက ဖတ်ပါ။



ယခုစာအုပ်တွင် နိုင်ငံစီးပွား တိုးတက်ရေးဆိုင်ရာ သီအိုရီများ၊ အမြင်များကို သီးသန့်ဆောင်းပါးများရေးထားသလို ကမ္ဘာက လက်များခါလောက်အောင်မြန်မြန်ဆန်ဆန် ကြီးပွားတိုးတက်ခဲ့သည့် ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ထိုင်ဝမ် စသည့် အရှေ့အာရှနိုင်ငံများ၏ ဥပမာ (Case Study) ဆောင်းပါးများလည်း ပါဝင်သည်။

နိုင်ငံဖွံ့ဖြိုးရေးတွင် အရေးကြီးသည့် အကြောင်းအရာများကို လူအများ ဖတ်ရလွယ်၊ နားလည်လွယ်ရန် ကြိုးစားရေးသားထားပါသည်။

ယခုစာအုပ်ပါ ဆောင်းပါးများသည် နိုင်ငံကြီးပွားရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်နိုင်လျှင် ရေးရကျိုးနပ်ပြီဟု နှလုံးသွင်းမိပါသည်။

၁၃၊ ၆၊ ၂၀၁၀။ ဝေယျာသု

## မာတိကာ


| | | |
|---|---|---|
| -။ | စာရေးသူ ၏ အမှာစာ | - |
| ၁။ | နိုင်ငံတစ်ခု ကြီးပွားခြင်း ဆွေးနွေးခန်း | ၃ |
| ၂။ | လူသားသယံဇာတ | ၁၁ |
| ၃။ | ပညာတွင် ရင်းနှီးမြှုပ်နှံခြင်း | ၁၇ |
| ၄။ | လူသားသယံဇာတ ပျိုးထောင်ခြင်း | ၂၅ |
| ၅။ | ဆွဲဆောင် စုဆောင်း လူသားသယံဇာတ | ၃၃ |
| ၆။ | ပြည်ပ လူသားသယံဇာတ | ၄၁ |
| ၇။ | **State နှင့် Market** | ၄၉ |
| ၈။ | ကျန်းမာရေး နှင့် နိုင်ငံကြီးပွားခြင်း | ၅၅ |
| ၉။ | အရှေ့အာရှ | ၆၁ |
| ၁၀။ | အရှေ့အာရှ နှင့် ဂျပန် | ၆၉ |
| ၁၁။ | ဂျပန့် ဇာတ်လမ်း | ၇၃ |
| ၁၂။ | ဂျပန့် ဇာတ်လမ်း နှင့် **MITI** | ၇၉ |
| ၁၃။ | အပြောင်းအလဲ | ၈၅ |
| ၁၄။ | နိုင်ငံရေးသိပ္ပံ | ၉၁ |
| ၁၅။ | ကိုရီးယား ဇာတ်လမ်းတွဲ နှင့် တော်တောက်ခြင်း | ၉၇ |
| ၁၆။ | ကိုရီးယား ဇာတ်လမ်းတွဲ အပိုင်း ၂ နိုင်ငံတော် နှင့် ဈေးကွက် | ၁၀၃ |
| ၁၇။ | သဘာဝ သယံဇာတ ကျိန်စာ | ၁၀၉ |
| ၁၈။ | ဒတ်ချ် ရောဂါ | ၁၁၅ |
| ၁၉။ | အခွန် | ၁၂၁ |
| ၂၀။ | တရုတ်ပြည်မကြီးအနီးမှ ကျွန်းငယ်ငယ် | ၁၂၇ |
| ၂၀။ | ပြန်လာသူ နှင့် အင်ဂျင်နီယာများ | ၁၃၃ |
| ၂၂။ | နိုင်ငံရေး ဘောဂဗေဒ | ၁၃၉ |
| ၂၃။ | ပုဂ္ဂလိကလက်သို့ လွှဲအပ်ခြင်း | ၁၄၅ |
| ၂၄။ | ဘာ၊ ဘယ်တော့၊ ဘယ်လို | ၁၅၁ |
| ၂၅။ | လူ | ၁၅၇ |
| -။ | စာရေးသူ ၏ အတ္ထုပ္ပတ္တိ | ၁၆၂ |